ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ
KACHIN WOMEN'S ASSOCIATION THAILAND
P.O.BOX 415, CHIANG MAI, THAILAND, 50000

သတင်းထုတ်ပြန်ချက်
၂၀၀၈ ခုနှစ် ဩဂုတ် (၅) ရက်နေ့

ကချင်အမျိုးသမီးများ တရုတ်ပြည်သို့ မယားကျွန် အဖြစ် ပို့ဆောင်ခံရမှု ပိုမိုမြင့်တက်

မြန်မာပြည်တွင် နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများ ဆိုးရွားစွာ နိမ့်ကျလာနေမှုက ကချင်အမျိုး သမီးများကို တရုတ်နိုင်ငံသို့ အတင်းအဓမ္မပြောင်းရွှေ့ထွက်ခွာစေပြီး နောက်ဆုံးတွင် တရုတ် အမျိုးသားများ၏ မယားကျွန်ပြု ခံနေကြရကြောင်း တင်ပြထားသည့် အစီရင်ခံစာကို ကချင်အမျိုး သမီး အစည်းအရုံး – ထိုင်းနိုင်ငံက ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

"အရှေ့ခြမ်းမှ တည်းနောင်ခံရမှု" ဟုအမည်ပေးထားသော ဤအစီရင်ခံစာသည် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ် နှစ်လယ်အထိ တရုတ်ပြည်သို့ လူကုန်ကူးခံရသူ အမျိုးသမီးနှင့် မိန်းကလေးငယ် ၁၆၃ ဦး၏ ဤဖြစ်အပျက်ကို အချက်အလက်ကောက်ယူ စုဆောင်း၍ အစီရင်ခံ တင်ပြထားခြင်း ဖြစ်သည်။ လူကုန်ကူးခံရသူ အများစုသည် တရုတ်ပြည် အရှေ့ပိုင်းခရိုင်များမှ တရုတ် အမျိုးသားများ၏ မယားကျွန်ပြု ခံရကြပြီး ၄၀ ရာခိုင်နှုန်း သည် ခြေရာခံမရဘဲ ပျောက်ဆုံးနေသည်။

လူကုန်ကူးခံရသည့် အမျိုးသမီးများမှ လေးပုံတပုံခန့်မှာ အသက် ၁၈ နှစ်အောက် မိန်းကလေးငယ်များ ဖြစ်ကြပြီး အသက် ၁၄ နှစ်သာရှိသေးသော မိန်းကလေးငယ်လည်း ပါဝင်သည်။ ထိုမိန်းကလေးငယ်များကို ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ ၂၀၀၀ ခန့် ဖြင့် တရုတ်လယ်သမားများထံ ရောင်းချခံနေရသည်။

စစ်အစိုးရ၏ စက်တင်ဘာလ ၂၀၀၅ ခုနှစ်မှစ၍ ပြဋ္ဌာန်း ခဲ့သော လူကုန်ကူးမှုဆန့်ကျင်ရေး ဥပဒေအသစ်သည် လူကုန်ကူးမှုများကို မတားဆီးနိုင်သည့်အပြင် လူကုန်ကူး ခံရသူများ၏ အခွင့်အရေးကို လည်း အကာအကွယ် မပေးနိုင်ကြောင်း ဤအစီရင်ခံစာက အလေးထား ဖော်ပြထားသည်။ ပီကင်းရှိ မြန်မာသံရုံးက လူကုန်ကူးခံရ သူများအား အကူအညီပေးရန်ငြင်းဆိုမှုများရှိနေပြီး ၄င်းတို့သည် မိမိနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန်ကို ငြင်းပယ်ခံ နေရသည့်အပြင် လူကုန်ကူးမှုတွင် ကိုယ်တိုင်ပါဝင် ပတ်သက်နေသည်ဟု မှားယွင်းစွာ စွပ်စွဲခံ နေ ကြရသည်။ လူကုန်ကူးမှုဖြင့် စွပ်စွဲခံရသူ အမျိုးသမီးတဦးသည် ထိန်းသိမ်းခံထားရစဉ်တွင် မုဒိမ်းကျင့်ခံခဲ့ရသည်။

"ပြည်သူတွေရဲ့ အခွင့်အရေးကို စနစ်တကျချိုးဖောက်နေတဲ့ စစ်အစိုးရရဲ့ အောက်မှာ လူကုန်ကူးမှု တားဆီး ကာကွယ်ရေး ဥပဒေက ဘာမှ အဓိပ္ပါယ်မရှိတဲ့အပြင် အစိုးရရဲ့ မူဝါဒတွေက ပြည်သူတွေကို အတင်းပြောင်းရွှေ့ဖို့ တွန်းပို့ နေတာဖြစ်တယ်" ဟု အစီရင်ခံစာကို ပြုစုသူ တဦးဖြစ်သည့် မဂ္ဂမ်ခေါင် ပြောသည်။

နာဂစ်ဆိုင်ကလုန်း မုန်တိုင်းဒဏ်ခံရပြီးနောက် နိုင်ငံတကာအေဂျင်စီများကလူကုန်ကူးမှုများ မြန်မာပြည်တွင် တိုးမြင့်လာကြောင်း သတိပေးခဲ့နေချိန်တွင် စစ်အစိုးရသည် ပြောင်းရွှေ့နေထိုင်မှုများအပေါ် သွယ်ဝိုက်၍ထိန်းချုပ် လာသည်ကို ကချင်အမျိုးသမီး အစည်းအရုံး – ထိုင်းနိုင်ငံက အလေးထားခဲ့မိသည်။

"နိုင်ငံတကာ အေဂျင်စီတွေအနေနဲ့လည်း လူကုန်ကူးမှုပြဿနာတွေကို တိတိကျကျ ခြုံငုံသုံးသပ်ဖို့ လိုအပ်နေပြီး နအဖရဲ့ ဟန်ပြဆောင်ရွက်နေတဲ့ လုပ်ဆောင်မှုတွေအပေါ်မှာ မနှစ်မျောဖို့နဲ့ ဒီလုပ်ဆောင်မှုတွေဟာ နောက်ထပ် လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ဖြစ်ပေါ်လာစေဖို့ အားပေးရာရောက်နေတယ်ဆိုတာကို သတိပြုဖို့ လိုတယ်" ဟု ကချင်အမျိုးသမီး အစည်းအရုံး – ထိုင်းနိုင်ငံ ၏ ပြောရေးဆိုခွင့်ရှိသူ ဒေါ်ရှယ်လီဆိုင်းက ပြောဆိုသည်။

ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံသည် လူကုန်ကူးမှုအစီရင်ခံစာ တစောင်ကို **"တွန်းပို့ခံ ရခြင်း"** အမည်ဖြင့် ၂၀၀၅ ခုနှစ် မေလတွင် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ဤအစီရင်စာကို www.womenofburma.org တွင်ဖတ်ရှုနိုင်ပြီး အစီရင်ခံစာ စာအုပ်ကို kwat@loxinfo.co.th သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဆက်သွယ်ရန် ဂွမ်ခေါင် +၆၆ ၈၄ ၆၁၆ ၅၂၄၅
ရှယ်လီဆိုင်း +၆၆ ၄၄ ၄၈၅ ၇၂၅၂